ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

Myanmar S. Flamingo Garment Co.,Ltdမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၅)၊ မြေဧရိယာ (၂.၀၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်း လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

**(Environmental Compliance Certificate- ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
## (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၇၈၂)　　ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

၁။　သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က)　**စီမံကိန်းအဆိုပြုသူ**　-　Mr. Yang Wenxuan<br>Director

(ခ)　**ဆက်သွယ်ရန်လိပ်စာ**　-　မြေကွက်အမှတ် (၁၆၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး၊<br>ဖုန်း ၀၉-၄၂၀၀၁၇၅၀၇၊ ၀၉-၄၂၈၉၃၆၆၁၆

(ဂ)　**စီမံကိန်းအမျိုးအစား**　-　CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်း လုပ်ငန်း

(ဃ)　**စီမံကိန်းကာလ**　-　အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င)　**စီမံကိန်း၏ အရွယ်အစား**　-　စီမံကိန်းမြေဧရိယာ (၂.၀၅) ဧက

(စ)　**စီမံကိန်းတည်နေရာ**　-　မြေကွက်အမှတ် (၁၆၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်း ဒေသကြီး၊

(ဆ)　**ECC သက်တမ်း**　-　(၅) နှစ်<br>စတင်ထုတ်ပေးရက်　-　၁၀-၁၁-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက်　-　၉-၁၁-၂၀၂၇

(ဓ) **အတည်ပြုအစီရင်ခံစာ** - Myanmar S. Flamingo Garment Co.,Ltd၏ ၈-၉-၂၀၂၂ ရက်စွဲပါ တင်ပြစာ

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၅.၉.၂၀၂၂

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Myanmar S. Flamingo Garment Co.,Ltd၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၅)၊ မြေဧရိယာ (၂.၀၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်း အတွက် Myanmar S. Flamingo Garment Co.,Ltd၏ ၈-၉-၂၀၂၂ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Yang Wenxuan, Director, Myanmar S. Flamingo Garment Co.,Ltd၊ မြေကွက်အမှတ် (၁၆၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၄၂၀၀၁၇၅၀၇၊ ၀၉-၄၂၈၉၃၆၆၁၆ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းတွင် လုပ်ငန်းစဉ်အနေဖြင့် သိုလှောင်ထိန်းသိမ်း ခြင်း၊ ကုန်ကြမ်းစစ်ဆေးခြင်း၊ ပိတ်ဖြတ်ခြင်း၊ အထည်ချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်း၊ ထုပ်ပိုးခြင်းတို့ ဆောင်ရွက်ကြောင်း၊ အင်္ကျီ၊ ဆွယ်တာ၊ Hoodie၊ Zippererd Hoodie၊ T-shirt နှင့် အနွေးထည် စသည်တို့အား ထုတ်လုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းများကို ကိုးရီးယား၊ တရုတ်၊ ဂျပန်နိုင်ငံများမှ တင်သွင်းမည်ဖြစ်ကြောင်း၊ အထွေထွေသုံးရေအတွက် စက်ရုံဝန်းအတွင်းရှိ အဝီစိတွင်း (၁) တွင်းမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ကြောင်း၊ သောက်သုံးရေအတွက် ပြင်ပမှ ဝယ်ယူသုံးစွဲမည် ဖြစ်ကြောင်း၊ လိုအပ်သည့် လျှပ်စစ်ဓာတ်အားအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သို့ လျှောက်ထားဆဲဖြစ်ကြောင်း၊ တစ်လလျှင် (၃၀၀) ယူနစ်ခန့် သုံးစွဲမည်ဖြစ်ကြောင်းနှင့် အရေးပေါ်မီးစက် ဂျင်နရေတာ (၂) လုံး အသုံးပြုမည်ဖြစ်ကြောင်း၊ နှစ်စဉ် ဒီဇယ်အသုံးပြုမှုမှာ (၅၂၈.၆၃၄) ဂါလန် ဖြစ်ကြောင်း ဖော်ပြထားပါသည်။


၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၅)၊ မြေဧရိယာ (၂.၀၅) ဧကရှိ မြောက်လတ္တီကျူ ၁၆ ဒီဂရီ ၅၄ မိနစ် ၂၈.၂၀ စက္ကန့်နှင့် အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ ၁၄ မိနစ် ၄၁.၅၉ စက္ကန့်တွင် တည်ရှိသည်။

## Myanmar S. Flamingo Garment Co.,Ltdမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းတည်နေရာပြမြေပုံ




**Myanmar S. Flamingo Garment Co.,Ltdမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်းအတွက်**

**Layout Plan (Ground Floor)**




**Myanmar S. Flamingo Garment Co.,Ltdမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်းအတွက်**

**Layout Plan (First Floor)**



**Myanmar S. Flamingo Garment Co.,Ltdမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်းအတွက်**

**Flow Chart Diagram**



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ Myanmar S. Flamingo Garment Co.,Ltd၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၅)၊ မြေဧရိယာ (၂.၀၅) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်း အတွက် Myanmar S. Flamingo Garment Co.,Ltd၏ ၈-၉-၂၀၂၂ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်းတွင် လုပ်ငန်းစဉ်အနေဖြင့် သိုလှောင် ထိန်းသိမ်းခြင်း၊ ကုန်ကြမ်းစစ်ဆေးခြင်း၊ ပိတ်ဖြတ်ခြင်း၊ အထည်ချုပ်ခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ မီးပူတိုက်ခြင်း၊ ထုပ်ပိုးခြင်းတို့ ဆောင်ရွက်ကြောင်း၊ အင်္ကျီ၊ ဆွယ်တာ၊ Hoodie၊ Zippererd Hoodie၊ T-shirt နှင့် အနွေးထည် စသည်တို့အား ထုတ်လုပ်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအနီးဝန်းကျင်တွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် အပင်များ စိုက်ပျိုးသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အဆိုပြုစီမံကိန်းအတွင်း စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းအား တားမြစ်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စက်တပ်ယာဉ်များ၊ မီးစက်များ၊ စက်ကိရိယာများအား လေထုညစ်ညမ်းမှု ထိန်းချုပ်ရန် ပုံမှန်စစ်ဆေးပြုပြင်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) မီးစက်မှထွက်သော အခိုးအငွေ့ထုတ်လွှတ်မှုအား ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရန်အတွက် မီးခိုးခေါင်းတိုင် အသုံးပြုသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) စက်တပ်ယာဉ်များ၊ ကွန်ပရက်စာနှင့် မီးစက်များအား သေချာစွာပြုပြင်ထိန်းသိမ်းသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၁,၀၀၀,၀၀၀) ကျပ် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေသုံးစွဲမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသုံးစွဲမှု ထိန်းချုပ်ရန်အတွက် ရေမီတာများ တပ်ဆင်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား ရေကို အိမ်သာနှင့် အခြားရေသုံးစွဲသည့်နေရာများတွင် စနစ်တကျ အသုံးပြုတတ်စေရန် လေ့ကျင့်ပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) အသိပေးခြင်းနှင့် သင့်လျော်သော နည်းလမ်းများဖြင့် လုပ်ဆောင်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ရေညစ်ညမ်းမှုကို ရှောင်ရှားရန်အတွက် စက်ယန္တရားများနှင့် မော်တော်ယာဉ်များတွင် အသုံးပြုသောဆီနှင့် လောင်စာဆီများကို သင့်လျော်သော စီမံခန့်ခွဲမှုပြုလုပ်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၅၀၀,၀၀၀) ကျပ်လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(င) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံ၏ ရေနုတ်မြောင်းလိုင်းများ၊ မိလ္လာကန်များနှင့် အနီးဆုံးအများသုံး ရေနုတ်မြောင်းများကို ရေလုံပြီး လုံလောက်အောင် ဆောင်ရွက်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အနံ့ဆိုးထွက်ခြင်းနှင့် ရေစီးဆင်းမှုပိတ်ဆို့ခြင်းမှ ရှောင်ရှားရန် စက်ရုံ၏ ရေနုတ်မြောင်းများကို သန့်ရှင်းထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စက်ရုံ၏ နောက်ဆုံးရေနုတ်မြောင်းသို့ တိုက်ရိုက်မစွန့်ထုတ်မီ ဘွိုင်လာရေဆိုးမှ ထွက်လာမည့်အပူချိန်ကို ပုံမှန်စောင့်ကြည့်စစ်ဆေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ရေနုတ်မြောင်းများကို ပုံမှန်စစ်ဆေးထိန်းသိမ်းသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၈၀၀,၀၀၀) ကျပ် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးစက်များ ထားရှိရန်အတွက် ဆူညံသံ အကာအရံအခန်းကို တည်ဆောက်ပြီး သက်ဆိုင်ရာစက်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) လမ်းကြောင်းနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွင် ယာဉ်များကို အရှိန်ကန့်သတ်၍ ချမှတ်ဆောင်ရွက်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) အလုပ်သမားများအတွက် လုပ်ငန်းခွင်သုံး တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment - PPEs) များ ထောက်ပံ့ပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) သက်ဆိုင်ရာဝန်ထမ်းအားလုံးကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်းနှင့် ဆူညံသံရေိယာအတွင်း အလုပ်လုပ်နေစဉ် (PPEs) ဝတ်ဆင်မှုကို စစ်ဆေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၁၀၀,၀၀၀) ကျပ်လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအဆောက်အဦများတွင် သီးခြားခွဲခြားထားသောအမှိုက်ပုံးများ ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများအားလုံးကို အမျိုးအစားအလိုက်ခွဲခြား၍ သတ်မှတ်ထားသောနေရာများတွင်သာ စုပုံ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်၍ စွန့်ပစ်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) တစ်လလျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၅၀,၀၀၀) ကျပ်လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဓ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အလုပ်သမားများအား ရှေးဦးသူနာပြုသင်တန်း၊ လုံခြုံရေးသင်တန်း၊ မီးဘေးအန္တရာယ်သင်တန်း သို့မဟုတ် စက်ယန္တရားကိုင်တွယ်ခြင်းအတွက် လေ့ကျင့်သင်ကြားပေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား နားကြပ်ကိရိယာများ၊ ကာကွယ်ရေးလက်အိတ်များ၊ ဦးထုပ်များ၊ မျက်မှန်များစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးသုံးပစ္စည်းများအား ဌာနတစ်ခုချင်းစီအလိုက် ထောက်ပံ့ပေးသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လုပ်သားများ လုပ်ငန်းခွင်အတွင်း အမြင်အာရုံပြဿနာများ လျှော့ချရန်နှင့် ဘေးကင်းစွာလုပ်ကိုင်နိုင်ရန် စီမံကိန်းပိုင်ရှင်မှ အလင်းရောင်ကောင်းမွန်သော မီးများဖြင့် ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လျှပ်စစ်အန္တရာယ်ကို ကာကွယ်ရန် လျှပ်စစ်ထိန်းသိမ်းရေးဝန်ထမ်းများအား ပုံမှန်စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်မှုပြုလုပ်ရန် တာဝန်ပေးအပ်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) လုပ်သားများ ကျန်းမာရေးအန္တရာယ်မှ ကာကွယ်ရန် စက်ရုံ၏ ရေနုတ်မြောင်းစနစ်များအား စီမံဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) တစ်ရက်လျှင် အလုပ်သမားများအတွက် သတ်မှတ်ထားသော ဆူညံသံအဆင့်ထက် မကျော်လွန်စေရေး အလေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) စက်ရုံရေိယာ အလုပ်ချိန်အတွင်း အလုပ်သမားများအတွက် ဆူညံသံ သက်ရောက်မှုကို လုံလောက်သော အကာအကွယ်ပေးသည့် နားကြပ်များ ထောက်ပံ့ပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၅၀၀,၀၀၀) ကျပ် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဈ) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်ထွက်ပေါက်နှင့် အများသူငှာစုဝေးရာနေရာတို့ကို ညွှန်ပြပေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စက်ရုံရိယာအတွင်း မီးဘေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များအတွက် မီးသတ်ဆေးဗူးများ၊ မီးသတ်ပိုက်ခွေများနှင့် စက်ရုံ၏နံရံများတွင် မီးသတ်ရေပိုက်ခေါင်းများအား တပ်ဆင်ထားရှိသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စက်ရုံအတွင်း မီးငြိမ်းသတ်ရေးပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ခြင်းဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) အရေးပေါ်မီးဘေးအန္တရာယ်အတွက် မီးငြိမ်းသတ် ရေသိုလှောင်ကန် ထားရှိပေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) မီးလောင်မှုဖြစ်ပွားပါက အလုပ်သမားများအား သတိပေးရန်အတွက် စက်ရုံတွင် အရေးပေါ်မီးသတိပေးချက် (Fire Alarm) တပ်ဆင်ထားရှိပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) စက်ရုံ၏ မီးဘေးအရေးပေါ်ကိစ္စများအတွက် အဓိကဝင်ပေါက်များနှင့် လမ်းကြောင်းများကို ပစ္စည်းများ သို့မဟုတ် စက်များဖြင့် ပိတ်ဆို့ထားခြင်း မပြုလုပ်စေမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၁,၂၀၀,၀၀၀) ကျပ် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီး၊ မြေငလျင်၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းကဲ့သို့သော အမျိုးမျိုးသော အရေးပေါ်အခြေအနေများအတွက် စက်ရုံစီမံခန့်ခွဲရေး အစီအမံများ ပြုလုပ်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) မီးငြိမ်းသတ်ကိရိယာများ၊ မီးသတ်ရေပိုက်စနစ်များ ထားရှိခြင်းနှင့် စစ်ဆေးခြင်းများကို ကဏ္ဍအားလုံးတွင် ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) မီးသတ်ယာဉ်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များ၊ ကယ်ဆယ်ရေးအစီအစဉ်များကို အချိန်အခါလိုက် စစ်ဆေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

လျှပ်စစ်အန္တရာယ်ဖြစ်ခြင်းမှကာကွယ်ရန်အတွက် သင်တန်းပေးခြင်းစသည့် လုပ်ငန်းများဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ငလျင်လှုပ်ခတ်မှုတွင် မည်သို့လုပ်ဆောင်ရမည်ကို အလုပ်သမားများအား အသိပေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) အခြားသက်ဆိုင်ရာဘေးကင်းရေး အရေးပေါ်အခြေအနေများကို အလုပ်သမားများအား သင်ကြားပို့ချပေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) ဆေးအဖွဲ့မှ Primary treatment အတွက် ပြင်ဆင်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) အရေးပေါ်အခြေအနေများဖြစ်လျှင် ဆက်သွယ်ရမည့် နံပါတ်များပါဝင်သော အနီးဆုံးမီးသတ်စခန်း၊ နယ်မြေရဲစခန်း၊ ဆေးရုံစသည်ဖြင့် အများအလွယ်တကူ မြင်နိုင်သောနေရာတွင် ပြသထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၉) မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့တို့မှ ဘေးအန္တရာယ်ကင်းရှင်းရေး ကော်မတီ ဖွဲ့စည်းထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၀) ကော်မတီမှဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆွေးနွေးရန် လစဉ် အစည်းအဝေး စီစဉ်ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၁) ဘေးအန္တရာယ်ကင်းရှင်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအပြင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးသင်တန်းများ ပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၂) တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၁,၅၀၀,၀၀၀) ကျပ် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဠ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျော့ပါးစေရေးနည်းလမ်းများအား စီမံကိန်းဧရိယာတွင် လုပ်ငန်းလည်ပတ်စဉ် (၃)နှစ်အတွင်း နှစ်စဉ်တိုင်းတာ စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေ (၂,၅၀၀,၀၀၀) ကျပ်ခန့် သုံးစွဲရန် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) လေအရည်အသွေးနှင့်ပတ်သက်၍ PMs. PMas, NO, SO, CO, O, များအား အဆိုပြုစီမံကိန်း၏ ဝန်းကျင်နှင့်လုပ်ငန်းခွင်တွင် လုပ်ငန်းလည်ပတ်စဉ် ပထမ (၃)နှစ်အတွင်း တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေ (၈၀,၀၀၀) ကျပ်ခန့် သုံးစွဲရန်လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်နှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြု၍ရသည့် ပစ္စည်းများထားသည့် နေရာ၊ စွန့်ပစ်အရည်များ ထားသည့်နေရာနှင့် စက်ရုံ၏ ရုံးခန်းနေရာတို့တွင် အပတ်စဉ် တိုင်းတာစောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေ(၅၀,၀၀၀)ကျပ်ခန့် သုံးစွဲရန် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လုပ်ငန်းလည်ပတ်စဉ်ကာလတွင် စက်ရုံရေိယာအတွင်း မျက်မြင်စစ်ဆေးခြင်းနှင့် မီးသတ်ကိရိယာများအား လစဉ် စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေ (၅၀၀,၀၀၀) ကျပ်ခန့် သုံးစွဲရန် လျာထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) အလင်းရောင်ရရှိမှုနှင့် ပတ်သက်၍ ပိတ်ဖြတ်တောက်ခြင်းနှင့် အထည်အရည် အသွေးစစ်ဆေးသည့်နေရာတွင် အလင်းရောင်ရရှိမှုအား လစဉ်တိုင်းတာ စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေ (၂၀,၀၀၀) ကျပ်ခန့် သုံးစွဲရန် လျာထား မည်ကို လိုက်နာဆောင်ရွက်ရန်။

(ဠ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင် ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဎ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ချိန်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် တစ်နှစ်လျှင် (၅,၇၅၀,၀၀၀) ကျပ် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) လုပ်ငန်းလည်ပတ်ချိန်တွင် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တစ်နှစ်လျှင် (၃,၀,၀၀၀) ကျပ် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လုပ်ငန်းပတ်သိမ်းချိန်တွင် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တစ်နှစ်လျှင် (၂,၀၀၀,၀၀၀) ကျပ် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအတွက် နှစ်စဉ်အမြတ်ငွေ၏ ၂% အား လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီး ခြင်း၊ မြေပြိုခြင်း၊ လျှော်လျှော့ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံ များရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေး များ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော

စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်စုပုံစွန့်ပစ်ရန်နှင့် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) CMP စနစ်ဖြင့် လုံခြုံရေးအဝတ်အထည်များချုပ်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း

လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ

ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

၂၂

(ဈ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက် ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက် အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---